# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 10, 2020 Volume 35, Number 8

၁၀.၉.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၄၀/- ကျပ် |
| CBM Rate | = ၁၃၃၅.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၆.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၁.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၀.၆၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၆၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## COVID-19 ကူးစက်မှုများလာ၍ ရန်ကုန်တိုင်း ရွှေဈေးကွက်ပြန်ပိတ်ထား



ရန်ကုန်တိုင်းအတွင်း ကိုဗစ်လူနာတွေ့ရှိမှု များလာသောကြောင့် ရန်ကုန်တိုင်းရွှေဈေးကွက်ကို ဒုတိယအကြိမ် ပြန်လည်ပိတ်ထားရသည်ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။ ရန်ကုန်တိုင်း ရွှေဈေးကွက်ကို စက်တင်ဘာ ၅ ရက်ကတည်း က ပိတ်ထားသော်လည်း ရွှေဆိုင်များက ကမ္ဘာ့ရွှေဈေးအလိုက် ကိုယ်တိုင်သတ်မှတ်ဖွင့်လှစ်ရောင်းချနေသည်ဟု ၎င်းကဆိုသည်။ ‘‘အသင်းရုံးခန်းက ဖွင့်ထားပေမယ့် ရောဂါအဖြစ်များနေလို့ လူတွေမလာလို့ ဈေးကွက်ဖွင့်လို့မရတာ။ ဒါကြောင့် အသင်းရုံးက ရွှေဈေးကို မဖွင့်ပေးတာပါ’’ ဟု ဦးမျိုးမြင့်ကပြောသည်။

ရန်ကုန်တိုင်း ရွှေဈေးကွက်ပိတ်ထားသော်လည်း မန္တလေးရွှေဈေးကွက်မှာ ပုံမှန်ဖွင့်လှစ်ထားသည်ဟု မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းကပြောသည်။ ‘‘မန္တလေးက ဈေးကွက်ကို ဖွင့်ထားပါတယ်။ ကိုဗစ်နဲ့ပတ်သက်ပြီး ကန့်သတ်ချက်လည်း ကြီးကြီးမားမားမရှိသေးပါဘူး’’ဟု ၎င်းကဆိုသည်။ သို့သော်လည်း ကိုဗစ်ကြောင့်ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေသည်ဟု ၎င်းကဆိုသည်။

COVID-19 ကြောင့် ရန်ကုန်၏ အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာရွှေဈေးကွက်ကို မတ်လ ၂၉ ရက်က ပိတ်ခဲ့ပြီး၊ မန္တလေးရွှေဈေးကွက်ကို ဧပြီ ၁၁ ရက်က ပိတ်သိမ်းခဲ့သည်။ ရောဂါကူးစက်မှု လျော့ကျခဲ့ပြီးနောက် ရန်ကုန်နှင့် မန္တလေးရှိ ရွှေဈေးကွက်များကို မေလ ၁၆ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

**Source:** https://7day.news/detail?id=198527

## COVID-19 ရောဂါ အခြေအနေများကြောင့် ပြည်တွင်းလေကြောင်းလိုင်းများ ခရီးစဉ်ပျံသန်းမှုရပ်နား




လက်ရှိဖြစ်ပွားနေသော COVID-19 ရောဂါ အခြေအနေများကြောင့် ပြည်တွင်းလေကြောင်းလိုင်းများ ခရီးစဉ်ပျံသန်းမှုရပ်နားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ လတ်တလောတွင် COVID-19 ရောဂါပိုးတွေ့ရှိ လူနာအရေအတွက် များပြားလာသည့်အတွက် မြန်မာနိုင်ငံအတွင်း ပျံသန်းလျက်ရှိသည့် ပြည်တွင်းလေကြောင်းလိုင်းများ၏ ခရီးစဉ်ပျံသန်းမှုများကို ယာယီရပ်နားရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

"COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဗဟိုကော်မတီရဲ့ညွှန်ကြားချက်အရ ဌာနအနေနဲ့ လေကြောင်းလိုင်းတွေကို ပျံသန်းခွင့်ယာယီရပ်နားဖို့ အကြောင်းကြားစာကို မကြာမီ ထုတ်ပြန်သွားဖို့ရှိပါတယ်။ လက်ရှိမှာ COVID-19 ရောဂါပိုးတွေ့ရှိ လူနာအရေအတွက်ကလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာပြီး ပြည်တွင်းလေကြောင်းလိုင်းတွေက ဝန်ထမ်းတွေ၊ လေယာဉ်အမှုထမ်းတွေကို ရောဂါကူးစက်နိုင်မှုအခြေအနေတွေကြောင့် အချို့လေကြောင်းလိုင်းတွေ ကိုယ်တိုင်က ခရီးစဉ်ပျံသန်းမှုကို ရပ်နားခဲ့တာတွေလည်းရှိပါတယ်" ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး န်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်မျိုးက The Daily Eleven သတင်းစာသို့ ပြောကြားသည်။

နိုင်ငံပိုင် မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ပြည်တွင်းခရီးစဉ်ပျံသန်းမှုများ ကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့မှ စက်တင်ဘာ ၃၀ ရက်နေ့အထိ ယာယီရပ်နားထားမည်ဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းက သတင်းထုတ်ပြန်ခဲ့သည်။ "မြန်မာအမျိုးသားလေကြောင်းလိုင်းကို စက်တင်ဘာ ၁၁ ရက်ကနေ ၃၀ ရက်နေ့အထိ ရပ်နားသွားမှာဖြစ်ပါတယ်။ ပြည်ပနိုင်ငံကို ပျံသန်းမယ့် ကယ်ဆယ်ရေးခရီးစဉ်တွေကိုတော့ ညွှန်ကြားချက်အတိုင်း ဆက်လက်ပျံသန်းဖို့ စီစဉ်ထားပါတယ်" ဟု မြန်မာအမျိုးသားလေကြောင်းလိုင်း၏ စီအီးအိုဖြစ်သူ Capt သန်းထွန်းက ပြောကြားသည်။

မန်းရတနာပုံလေကြောင်းလိုင်း၏ ပြည်တွင်း Golden Myanmar လေကြောင်းလိုင်း၏ ပြည်တွင်းခရီးစဉ်ပျံသန်းမှုများကို စက်တင်ဘာ ၉ ရက်နေ့မှ စက်တင်ဘာ ၁၅ ရက်နေ့အထိ ယာယီရပ်နားမည်ဖြစ်သည်။ Air KBZ လေကြောင်းလိုင်း၏ ပြည်တွင်းခရီးစဉ် ပျံသန်းမှုများကို စက်တင်ဘာ ၁၁ ရက်နေ့မှစ၍ ယာယီရပ်နားမည်ဖြစ်ပြီး မည်သည့်အချိန်တွင် ပြန်လည်ပျံသန်းမည်ကို ယင်းလေကြောင်းလိုင်းမှ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဟု ဆိုသည်။

Air Thanlwin လေကြောင်းလိုင်း၏ ပုံမှန်ပျံသန်းနေသော ပြည်တွင်းခရီးစဉ်များကို ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၁၀ ရက်မှ စက်တင်ဘာ ၂၄ ရက်နေ့အထိ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

ရန်ကုန်မြို့တွင် လက်ရှိဖြစ်ပွားနေသော COVID-19 ရောဂါအခြေအနေများကြောင့် မြန်မာနိုင်ငံဒေသ အသီးသီးသို့ ဝင်ရောက်မည့် ခရီးသွားများ အနေဖြင့် Quarantine အစီအစဉ်များ သတ်မှတ်ထားခြင်းကြောင့် လေကြောင်းဖြင့် ခရီးသွားမည့် ခရီးသွားများ နည်းပါးလာနေခြင်းဖြစ်သည်။

သို့ဖြစ်၍ ပြည်တွင်းလေကြောင်းလိုင်းတစ်ခုဖြစ်သည့် Air Thanlwin လေကြောင်းလိုင်းက ၎င်းတို့ ပုံမှန်ပျံသန်းနေသော ပြည်တွင်းခရီးစဉ်များကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၀ ရက်မှ စက်တင်ဘာ ၂၄ ရက်နေ့အထိ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့၏ ထုတ်ပြန်ချက်များအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နိုင်ငံတကာမှ ခရီးသည်တင်လေယာဉ်များ ဆိုက်ရောက်ခွင့်ကို ၂၀၂၀ ပြည့်နှစ်၊ မတ် ၃၀ မှစတင်ပြီး ယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

COVID-19 ရောဂါ မြန်မာနိုင်ငံတွင်း ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာထိန်းချုပ်ရန် အပြည်ပြည်ဆိုင်ရာ ခရီးသည်တင်လေယာဉ်များ ပျံသန်းပြေးဆွဲခွင့် ရပ်ဆိုင်းခြင်းကာလကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၃၀ အထိ ထပ်မံတိုးမြှင့်ရန် မြန်မာနိုင်ငံ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဗဟိုကော်မတီမှဆုံးဖြတ်လိုက်ကြောင်း ဩဂုတ် ၂၆ ရက်က ထုတ်ပြန်ကြေညာထားသည်။

**Source:** https://news-eleven.com/article/191587

## ကျောက်မျက်ပွဲများ မကျင်းပနိုင်၍ ရတနာခွန် ကျပ်ဘီလီယံ ၂၀၀ နီးပါး ဆုံးရှုံး



COVID-19 ကြောင့် နှစ်စဉ်ကျင်းပသည့် ကျောက်မျက်ရတနာပြပွဲများ မကျင်းပနိုင်သဖြင့် အစိုးရအတွက် ရတနာခွန် ဘဏ္ဍာငွေကျပ် ဘီလီယံ ၁၅၀ မှ ၂၀၀ နီးပါး ဆုံးရှုံးမှုရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနကသိရသည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်း အခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က "အရင်က အထူးကုန်စည်ခွန် ဥပဒေနဲ့ ကောက်တယ်။ နောက်ပိုင်း ရတနာခွန် ဥပဒေပေါ်လာတဲ့အတွက် ရတနာခွန်နဲ့ကောက်တယ်။ အခုက ကျောက်မျက်ပွဲတွေ ပိတ်ထားတဲ့အတွက် ရတနာခွန်ရရှိမှုက သိသိသာသာလျော့နည်းသွားတယ်။ တချို့နှစ်တွေက ကျပ်ဘီလီယံ ၂၀၀ လောက်ရတယ်။ တချို့နှစ်က ကျပ် ဘီလီယံ ၁၅၀ လောက်ရတယ်။ တနှစ်နဲ့တနှစ်တော့မတူဘူး။ အခုခန့်မှန်းခြေက ဘီလီယံ ၁၅၀ လောက် လျော့သွားနိုင်တယ်" ဟု ရေ၀တီသို့ပြောသည်။

သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း၊ ပြပွဲဗဟိုကော်မတီအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံခြားကုန်သည်များအား ယူရိုငွေဖြင့်ရောင်းချသည့် ကျောက်မျက်ပြပွဲ ၂ ပွဲ ကျင်းပရန်လျာထားပြီး ကြားကာလတွင် ပြည်တွင်းကုန်သည်များအား မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ပြပွဲတခု ပြုလုပ်ရန် လျာထားသည်။ အဆိုပါ ကျောက်မျက်ရတနာပြပွဲများ မလုပ်ဖြစ်သည့်အတွက်ကြောင့် အခွန်ဝင်ငွေ သိသိသာသာလျော့ကျသွားခြင်းဖြစ်ကြောင်း ဦးမင်းထွဋ်ကဆိုသည်။

ယူရိုငွေနှင့် ရောင်းချသော နိုင်ငံခြား ပြပွဲများမှ တပွဲလျှင် ယူရိုငွေ သန်း ၄၀၀ မှ ၅၀၀ ကြားရရှိပြီး၊ အစိုးရအနေဖြင့် အခွန် အခများ၊ အကျိုးတူ လုပ်ငန်းများမှ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိရရှိကြောင်း၊ ကျပ်ငွေနှင့်ရောင်းချသည့် ပွဲ ၁ပွဲလျှင် ကျပ်သိန်းပေါင်း ၆ သိန်းဝန်းကျင် ရရှိကာ အခွန်အခအနေဖြင့် အစိုးရက၂၀ ရာခိုင်နှုန်းခန့်ရရှိကြောင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဇော်ဘိုခန့်က ရေ၀တီသို့ပြောသည်။ "ပြပွဲတွေ ကျင်းပလို့မရတော့ ဝင်ငွေမရှိဘူးပေါ့။ သာမန်အားဖြင့် ဒီဘက် အစိုးရ လက်ထက်မှာ တနှစ်ကို ကျနော်တို့ ၃ ပွဲ ကျင်းပတယ်။ ယူရိုနဲ့ရောင်းတာ ၂ ပွဲ၊ ကျပ်ငွေ နဲ့ ၁ ပွဲဆိုတော့ သုံးပွဲပေါ့။ မကျင်းပနိုင်တော့ နိုင်ငံတော်လည်း ဝင်ငွေအခွန်လည်းလျော့သလို လုပ်ငန်းရှင်တွေလည်း လည်ပတ်ဖို့တော့ တော်တော်တော့ ခက်တာပေါ့" ဟု ၎င်းကဆိုသည်။ ထို့ပြင် ကျောက်မျက်ရတနာနှင့် ဆက်စပ်လုပ်ကိုင်သော လုပ်ငန်းများလည်း ထိခိုက်မှုများရှိပြီး မန္တလေး၊ စစ်ကိုင်း၊ မြစ်ကြီးနားတို့တွင် တနိုင်တပိုင်လုပ်ကိုင်နေသည့် လက်ကောက်၊ ပုတီးအစရှိသည့် လက်ဝတ်ရတနာများ ရောင်းဝယ်

ဖောက်ကားသူ အသေးစားနှင့်အလတ်စား (MSME) လုပ်ငန်းများလည်း အခက်အခဲရှိကြောင်း ဦးဇော်ဘိုခန့် ပြောဆိုသည်။ သို့သော် လုပ်ငန်းရှင်ကြီးများ၏ လည်ပတ်ငွေအနေဖြင့် အစိုးရက ပြီးခဲ့သည့် ဧပြီလ ၁ ရက်မှ စတင်၍ ကျောက်မျက်ရတနာလုပ်ကွက်များကိုလည်း တူးဖော်ခွင့်ရပ်ဆိုင်းထားသောကြောင့် တဖြည်းဖြည်းနှင့်သက်တမ်းကုန်သည့် လုပ်ကွက်များက ရာခိုင်နှုန်း ၈၀ ကျော်အထိရှိလာပြီး လာမည့်နှစ်တွင်လည်း တူးဖော်မည့် ကျောက်တွင်းမှာ ၁၀ ရာခိုင်နှုန်း ဝန်းကျင်သာ ရှိနိုင်သောကြောင့် ထိခိုက်မှုမကြီးမားနိုင်ကြောင်း ၎င်းကသုံးသပ်သည်။


မြန်မာနိုင်ငံတွင် ကိုဗစ်ဒုတိယလှိုင်းမလာခင် ကျောက်မျက်ရတနာ ကျပ်ငွေနှင့် ပြသရောင်းမည့်ပွဲကို ဒီဇင်ဘာလတွင် ပြုလုပ်ရန်စီစဉ်ထားသော်လည်း လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်ရောဂါကူးစက်မှု အခြေအနေ များကြောင့် ယခုနှစ်တွင် ကျင်းပရန် မဖြစ်တော့ကြောင်းသိရသည်။ ပြီးခဲ့သည့်၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပသည့် ၅၆ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်စိမ်း တွဲ နှင့် ကျောက်မျက်တွဲ ယူရိုငွေ သန်း ၄၀၀ ကျော်ဖိုး ရရှိခဲ့ပြီး ၂၀၁၉ စက်တင်ဘာလတွင် ကျင်းပခဲ့သည့် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းတွဲနှင့် ကျောက်မျက်တွဲ စုစုပေါင်း ယူရိုသန်း ၅၀၀ ကျော်ဖိုး ရောင်းချခဲ့ရကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာများကို တရုတ်၊ ဟောင်ကောင်တို့က ကျောက်စိမ်းကို စိတ်ဝင်စားမှုများပြီး အခြားကျောက်မျက်ပိုင်းတွင် ထိုင်း၊ ဂျပန်၊ မလေးရှား၊ သီရိလင်္ကာနှင့်အိန္ဒိယနိုင်ငံတို့က စိတ်ဝင်စားမှုရှိကာ ပုလဲကိုမူ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က စိတ်ဝင်စားမှုရှိကြောင်း လုပ်ငန်းရှင်များကပြောသည်။ ရန်ကုန်မြို့ရှိ ထိပ်ထားလေး ရတနာဆိုင်ပိုင်ရှင် ဒေါ်မျိုးမျိုးသန့်က “လူကလည်း အများကြီးစုလို့ မရသေးတော့ ပွဲကြီးတွေတော့ မလုပ်ဖြစ်သေးဘူး။ အင်တာနက်နဲ့ဆက်သွယ်မှုတွေတော့ လုပ်နေတာပေါ့။ အခြေအနေတည်ငြိမ်ရင်တော့ အကောင်းဆုံးပြန်လုပ်မှာ ဖြစ်ပါတယ်။ အရောင်းအဝယ်ကတော့ ပြောရမယ်ဆိုရင် ကိုဗစ်စဖြစ်ကတည်းက ဆိုင်တော်တော်များများက ပိတ်လိုက်ရတယ်” ဟု ရောဝတီသို့ပြောသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန်၊ ကုန်သွယ် လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ရတနာခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန်စသည့် အခွန်စနစ် ၆ မျိုးမှ ကောက်ခံရရှိငွေကို ကျပ်ဘီလီယံ ၆၃၀၀ ခန့် ရရှိထားကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနကသိရသည်။

**Source:** https://burma.irrawaddy.com/news/2020/09/09/229599.html

## ခရမ်းချဉ်မျိုး မွေးမြူရွေးချယ်ခြင်းဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို သုံးနှစ်ကြာ ဆောင်ရွက်မည်



ခရမ်းချဉ်မျိုး ရွေးချယ်မွေးမြူခြင်းဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ယခုနှစ်မှစ၍ သုံးနှစ်ကြာဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်း ပြောကြားချက်အရသိရသည်။ “ခရမ်းချဉ်မျိုးတွေရဲ့ အရည်အသွေးလက္ခဏာတွေကို သဘာဝဝတ်မှုန်ကူးနည်းနဲ့ လေ့လာမှာ ဖြစ်ပါတယ်”ဟု ဒေါက်တာနိုင်ကြည်ဝင်းက ပြောသည်။ လက်ရှိတွင် အဆိုပါ စီမံကိန်း ာလအတွင်း အထွက်နှုန်းကောင်းပြီး အသီးအရည်အသွေးကောင်းသော ခရမ်းချဉ်မျိုးများကို ရှာဖွေသုတေသနပြုရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ ယင်းသုတေသနသည် တောင်ကိုရီး

ယားနိုင်ငံ၊ အာရှဒေသစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (AFACI) ၏အထောက်အပံ့နှင့် ကမ္ဘာ့ဟင်းသီးဟင်းရွက်ဗဟိုဌာနမှ မျိုးနှင့်နည်းပညာကူညီပေးမှုဖြင့် အာရှဒေသနိုင်ငံများ၌ ဟင်းသီးဟင်းရွက်မျိုးများအနက် ခရမ်းချဉ်မျိုး မွေးမြူရွေးချယ်ခြင်းဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ဆောင်ရွက်မည့် သုတေသနတစ်ခုဖြစ်သည်။

အဆိုပါသုတေသနကို ခရမ်းချဉ်မျိုးကွဲများထဲမှ ဒေသအလိုက် ရောဂါဒဏ်ခံနိုင်ပြီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သောမျိုးများရရှိရန် ရည်ရွယ်ချက်ဖြင့် ယခုနှစ်မိုးရာသီတွင် သုတေသနပြုဆောင်ရွက်လျက်ရှိရာကွင်းပြင် (Open Field) ၌လည်းကောင်း၊ အမိုးအကာအောက် (Net House) ၌လည်းကောင်း စမ်းသပ် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအသုံးပြုမည့် ခရမ်းချဉ်မျိုးများမှာ မြန်မာဒေသမျိုး ၅၁ မျိုး၊ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဗဟိုဌာနမှ ၂၄ မျိုးနှင့် စီးပွားဖြစ် စပ်မျိုးတစ်မျိုး စုစုပေါင်း ၇၆ မျိုးဖြင့် သုတေသနပြု စိုက်ပျိုးထားကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/1611

## ပင်လယ်ရေကြောင်းမှ ဩဂုတ်လ တတိယပတ်အတွင်း အာရှ၊ အီးယူနှင့် အာဖရိကနိုင်ငံများသို့ မြန်မာ့ဆန်တန်ချိန် ၂၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၀၀၀၀ ကျော်ဖြင့် အများဆုံးတင်ပို့



ပင်လယ်ရေကြောင်းမှ ဩဂုတ်လ တတိယပတ် အတွင်း အာရှ၊ အီးယူနှင့်အာဖရိကနိုင်ငံများသို့ မြန်မာ့ဆန်တန်ချိန် ၂၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၀၀၀၀ ကျော်ဖြင့် အများဆုံးတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ဩဂုတ် ၁၆ ရက်မှ ၂၂ ရက်တာကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၇ ဒသမ ၉၅၀ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၂၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။ တင်ပို့မှုများအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၀၀၀၀ ကျော်၊ အီးယူနိုင်ငံများသို့ ဆန်တန်ချိန် ၄၀၀၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၃၀၀၀ ကျော်တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၁၅၀၀ ခန့် လျော့နည်းတင်ပို့ခဲ့ကြောင်းသိရသည်။

အဆိုပါကာလအတွင်း ပင်လယ်ရေကြောင်းမှ ဒေါ်လာ ၂ ဒသမ ၁၃၇ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၇၀၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ အီးယူနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၂၅၀၀ ကျော်နှင့် အာရှနိုင်ငံများသို့ တန် ၅၀၀ ခန့် တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ဆန်ကွဲတန်ချိန် ၃၀၀ ကျော် လျော့နည်းခဲ့သည်။ ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၃၀၀၀၀ ကျော် တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၈၀၀ ကျော် လျော့နည်းခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သန်းခွဲခန့်အထိ တင်ပို့နိုင်မည့်အခြေအနေရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားထားသည်။ "တစ်နှစ်ကို ဆန်တန်ချိန် နှစ်သန်းအထက်တင်ပို့နိုင်ခဲ့ပြီး ဒီနှစ်မှာ ၂ ဒသမ ၅ သန်းလောက်အထိ တင်ပို့နိုင်မယ့်အနေအထားဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်သည် ၂၀၂၀ စက်တင်ဘာ၌ ကုန်ဆုံးမည်ဖြစ်ပြီး ဘဏ္ဍာနှစ်ကုန်ဆုံးရန် တစ်လကျော်သာကျန်ရှိသည်။

ပြည်ပဝယ်လိုအား မြင့်တက်နေမှုကြောင့် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့

မှုသည် လက်ရှိဘဏ္ဍာနှစ်တွင် လျာထားပမာဏတန်ချိန် ၂ ဒသမ ၄ သန်းထက် ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင်က ပြောကြားသည်။ "လက်ရှိအခြေအနေနဲ့ ရာသီဥတုလည်း ကောင်းမယ်။ ထွက်ရှိမှုလည်းကောင်းမယ်ဆိုရင်တော့ ဝယ်လိုအားတွေလည်းကောင်းတဲ့ အတွက် လာမယ့်ဘဏ္ဍာနှစ်မှာ ဆန်တင်ပို့နိုင်မှုက လက်ရှိနှစ်ထက် ကောင်းမယ်လို့ မျှော်မှန်းလို့ရပါတယ်" ဟု ဦးလူမော်မြင့်မောင်က ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုကို ပျှမ်းမျှအားဖြင့် နှစ်စဉ် ၁၀ ရာခိုင်နှုန်းခန့် တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် တန်ချိန်မြင့်တက်မှုအပြင် ဝင်ငွေပိုမိုမြင့်တက်လာစေရန် အရည်အသွေးကောင်းမွန်သည့် တန်းမြင့်ဆန်များ အမျိုးအစားများ ပိုမိုတင်ပို့နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ ပြီးခဲ့သည့် ၂၀၁၇ –၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှု ရာခိုင်နှုန်း ၃၀ အထိ မြင့်တက်ခဲ့သဖြင့် ဆန်နှင့်ဆန်ကွဲတန်ချိန် သုံးသန်းကျော်တင်ပို့နိုင်ခဲ့သည်။ လက်ရှိဘဏ္ဍာနှစ် ၁၁ လခန့်၌ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၄ သန်းကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၇၄၀ ခန့်ရရှိထားပြီး တရုတ်နိုင်ငံသို့ ဆန်အများဆုံးနှင့် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲအများဆုံး တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

၂၀၁၉ –၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၂၁ ရက်အထိ ၁၁ လခန့်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲစုစုပေါင်း တန်ချိန် ၂ ဒသမ ၄၂၈ သန်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၇၃၈ ဒသမ ၃၂၉ သန်းရရှိထားသည်။ အဆိုပါကာလအတွင်း နိုင်ငံပေါင်း ၆၆ နိုင်ငံသို့ ဆန်တန်ချိန် ၁ ဒသမ ၅၂၅ သန်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၄၉၄ ဒသမ ၆၈၈ သန်း ရရှိထားပြီး တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ငါးသိန်းကျော်အထိ အများဆုံး တင်ပို့ထားခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/191522

## တစ်ပတ်အတွင်း မတ်ပဲတန်ချိန် ၃,၃၆၇ ဒသမ ၇၆ တန် ပြည်ပ ၁၇ နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့

ဩဂုတ် ၂၃ ရက် မှ ဩဂုတ် ၂၉ ရက် အထိ တစ်ပတ်အတွင်း မတ်ပဲတန်ချိန် ၃,၃၆၇ဒသမ ၇၆ တန်ကို ပြည်ပ ၁၇ နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက "တစ်ပတ်အတွင်း ကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၃၈ သန်း တန်ဖိုးရှိမတ်ပဲတွေ တင်ပို့နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း COVID-19 ရောဂါဖြစ်ပွားတဲ့ ကာလဖြစ်ပေမယ့် တတ်နိုင်သမျှ နိုင်ငံတကာကို ပို့ကုန်တင်ပို့မှုတွေ လျော့ကျမသွားဖို့အတွက်ဆောင်ရွက်နေပါတယ်'' ဟု ဆင်ဟွာ သို့ ယနေ့စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

တစ်ပတ်အတွင်း တင်ပို့ခဲ့သည့် နိုင်ငံပေါင်း ၁၇ နိုင်ငံမှာ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ယူကေ၊ ကနေဒါ၊ နီပေါ၊ ပါကစ္စတန်၊ တရုတ်၊ ထိုင်း၊ဗီယက်နမ်၊ ဂျပန်၊ ပြင်သစ် နှင့် အမေရိကန်နိုင်ငံတို့ဖြစ်ကြောင်း ိရသည်။

အဆိုပါ နိုင်ငံများအနက် မတ်ပဲအများဆုံး တင်ပို့ရောင်းချခဲ့ရသည့် ိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၄၆,၅၂၁ တန်ဖိုးရှိ မတ်ပဲတန်ချိန် ၇၂၀ ကို တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။ အဆိုပါ မတ်ပဲများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ပြည်ပနိုင်ငံများသို့ မတ်ပဲ တင်ပို့သည့်ကာလအတွင်း မတ်ပဲတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၈၃ ဒေါ်လာပေါက်စျေးရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။

**Source:** https://xinhuamyanmar.com/business/local/29422-2020-09-09-05-57-36

## ဘီလီယံ ရာနဲ့ချီအရှုံးပေါ်နိုင်တဲ့ အမေရိကန်ခရီးသွားလုပ်ငန်း

COVID-19 ကပ်ရောဂါကြောင့် ၂၀၂၀ ခုနှစ်အတွင်း နိုင်ငံတကာစီးပွားရေးလုပ်ငန်းတွေ လဲပြိုမှုနဲ့အတူ ခရီးသွားလုပ်ငန်းတွေလည်း လဲပြိုခဲ့ရပါတယ်။ ကပ်ရောဂါကာလအတွင်း အမေရိကန်နိုင်ငံအနေနဲ့ တစ်ရက်ကို ဒေါ်လာ ၄၁၅ သန်းဆုံးရှုံးနေပြီး ရက်သတ္တပတ် ၁ ပတ်ကို ဒေါ်လာ ၃ ဘီလီယံအထိ ဆုံးရှုံးနေရပါတယ်။ World Travel & Tourism Council (WTTC) ရဲ့ နောက်ဆုံး လေ့လာချက်စစ်တမ်းအရ အမေရိကန်နိုင်ငံအနေနဲ့ ၂၀၂၀ ခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွားလုပ်ငန်းက ဝင်ငွေမပါဝင်ဘဲ ဒေါ်လာ ၁၅၅ ဘီလီယံဆုံးရှုံးမယ်လို့ ခန့်မှန်းထားကြောင်း သိရပါတယ်။

၂၀၁၉ ခုနှစ်အတွင်း အမေရိကန်နိုင်ငံကို လာရောက်လည်ပတ်ခဲ့တဲ့ နိုင်ငံတကာ ခရီးသွားတွေကနေ ဝင်ငွေ ဒေါ်လာ ၁၇၅ ဒသမ ၁ ဘီလီယံရရှိခဲ့ပါတယ်။ ဒါကြောင့်လည်း အမေရိကန်နိုင်ငံဟာ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွားတွေဆီကနေ တလကို ဒေါ်လာ ၁၆ ဒသမ ၃ ဘီလီယံရရှိခဲ့ပြီး ရက်သတ္တပတ် ၁ ပတ်ကို ၃ ဒသမ ၇ ဘီလီယံ ရရှိခဲ့ပါတယ်။

ခရီးသွားလုပ်ငန်းတွေကနေရရှိတဲ့ တရက်ဝင်ငွေက ၂၀၁၉ ခုနှစ်အတွင်း ဒေါ်လာ ၅၃၄ ဒသမ ၅ သန်းအထိ ရှိခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း အမေရိကန်ခရီးသွားလုပ်ငန်းတွေက လူပေါင်း ၁၆ ဒသမ ၈ သန်းကို အလုပ်ပေးနိုင် ခဲ့ပါတယ်။ တနိုင်ငံလုံးမှာရှိတဲ့ အလုပ်သမားအတိုင်းအတာနဲ့ဆိုရင်လည်း နိုင်ငံတကာခရီးသွားလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်သူ ၁၀ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ WTTC ရဲ့ အစီရင်ခံစာအရ ၂၀၂၀ ခုနှစ်၊ ကိုဗစ် ကပ်ရောဂါ ကာလအတွင်း အမေရိကန်စီးပွားရေးကျဆင်းမှုနဲ့အတူ အလုပ်လက်မဲ့ ၁၂ ဒသမ ၁ သန်းနီးပါး ရှိလာနိုင်ပါတယ်။

WTTC ရဲ့ နောက်ဆုံးဖော်ပြထားတဲ့အစီရင်ခံစာအရ စီးပွားရေးကျဆင်းမှုကြောင့် အမေရိကန်နိုင်ငံတကာ ခရီးသွားလုပ်ငန်းတွေမှာ မှီခိုနေရသူ သန်းနဲ့ချီအလုပ်လက်မဲ့ဖြစ်နေကြပြီး ကိန်းဂဏန်းတွေဟာ စိုးရိမ်စရာ ကောင်းလာတယ်လို့ WTTC ရဲ့ ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Gloria Guevara ကပြောပါတယ်။ တဆက်တည်းမှာပဲ သူကလက်ရှိအခြေအနေအရ စီးပွားရေးနဲ့ အပန်းဖြေခရီးသွားလုပ်ငန်းမှာ ကမ္ဘာ့ထိပ်တန်းနေရာကရှိနေတဲ့ နယူးယောက်မြို့အနေအထားကို ခြိမ်းခြောက်လာနိုင်တယ်လို့ ရှင်းပြခဲ့ပါတယ်။

**Source:** https://burma.irrawaddy.com/lifestyle/travel/2020/09/09/229586.html

## တရုတ် ကျောထောက်နောက်ခံပြု ရန်ကုန်မြို့သစ် ကနဦးအဆင့် တင်ဒါကို ကြီးကြပ်ရန် ဂျာမန်လုပ်ငန်းကိုငှား

မြန်မာနိုင်ငံ စီးပွားရေးမြို့တော်ရန်ကုန်တွင် စက်မှုဇုန်သစ်တခုနှင့် ၎င်းနှင့်ဆက်စပ်သော အခြေခံအဆောက်အအုံများအတွက် "ဆွစ်စိန်ခေါ်မှု" တင်ဒါလုပ်ငန်းစဉ်ကို ကြီးကြပ်ရန် ဂျာမန်အတိုင်ပင်ခံ လုပ်ငန်းဖြစ်သော Roland Berger ကို မြန်မာအစိုးရက ကန်ထရိုက်ပေးလိုက်သည်။ ထိုလုပ်ငန်း၏ စီမံကိန်းကို သုံးသပ်မှုကာလကို အခြေခံကြည့်ပါက တရုတ်နိုင်ငံ၏ ကြီးမားလှသော ရန်ကုန်မြို့သစ်စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သော ဆွစ်စိန်ခေါ်မှုတင်ဒါကို နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲပြီးမှသာ ခေါ်ယူနိုင်ဖွယ်ရှိသည်။

ရန်ကုန်မြို့သစ် စီမံကိန်းသည် နိုင်ငံတကာအခြေခံအဆောက်အအုံ ကွန်ရက်တခုတည်ဆောက်မည့် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ရပ်ဝန်းနှင့်လမ်းအစီအစဉ် (BRI) ၏ ကျောရိုးစီမံကိန်းများအနက်တခုဖြစ်သည်။ ရှီက BRI ၏ အစိတ်အပိုင်းဖြစ်သော တရုတ်-မြန်မာ စီးပွားရေး စင်္ကြံ (CMEC) ၏ အဓိက မဏ္ဍိုင်အဖြစ်သတ်မှတ်ပြီး ရန်ကုန်မြို့သစ်စီမံကိန်းကို အကောင်အထည်ဖော်ရန် တွန်းအားပေးနေသည်။

စက်မှုဇုန်သစ်နှင့် အဓိကအထောက်အကူပြု အခြေခံအဆောက်အအုံများအတွက် ဆွစ်စိန်ခေါ်မှု တင်ဒါလုပ်ငန်းစဉ်ကို အပြီးသတ်လုပ်ဆောင်ရေးအတွက် အကြံပေးရန် Roland Berger Co. Ltd နှင့် သဘောတူညီချက်လက်မှတ်ရေးထိုးကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်ဆံရေးဝန်ကြီးဌာန (MIFER) က စနေနေ့တွင်ကြေညာသည်။ ဆွစ်စိန်ခေါ်မှု လုပ်ငန်းစဉ်အရ ဘေ့ဂျင်းအခြေစိုက် China Communications Construction Co. Ltd. (CCCC) ကတင်ပြသော ကနဦးတည်ဆောက်ရေးလုပ်ငန်းများကို အခြားအရည်အချင်းမီလုပ်ငန်းများက တင်ဒါအကဲဖြတ်မှု မှတ်ကျောက်စံနှုန်းများ၏ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာသည့်အခြေခံဖြင့် ပိုမိုကောင်းမွန်သော စည်းကမ်းများဖြင့် စိန်ခေါ်ခွင့်ပေးရန် လူသိရှင်ကြားထုတ်ပြန်မည်ဖြစ်သည်။

**Source:**https://burma.irrawaddy.com/business/2020/09/09/229560.html

## မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်ရရှိထားသည့်လုပ်ငန်းများတွင် နိုင်ငံခြားသားကျွမ်းကျင်သူခန့်လိုပါက အထောက်အထားပြည့်စုံမှ ခွင့်ပြုမည်ဟုဆို



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးများအဖြစ် နိုင်ငံခြားသား ကျွမ်းကျင်သူများအား ခန့်ထားလိုပါက အထောက်အထားပြည့်ပြည့်စုံစုံတင်ပြမှ ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကဆိုသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက “တစ်ချို့ကုမ္ပဏီတွေက နိုင်ငံခြားသားကျွမ်းကျင်သူ ခန့်မယ်ဆိုရင် အဲဒီ ကျွမ်းကျင်သူရဲ့ ဘွဲ့လက်မှတ် ထောက်အထား သို့မဟုတ် ကျွမ်းကျင်မှု အထောက်အထားကို ပြရမှာပါ။တစ်ချို့က အဲလိုအထောက်အထား ပြည့်ပြည့်စုံစုံမပြကြဘူး။ အထောက်အထား ပြည့်ပြည့်စုံစုံ တင်ပြမှုမရှိရင် နိုင်ငံခြားသားကျွမ်းကျင်သူကို ခန့်ထားခွင့်ပြုမှာမဟုတ်ပါဘူး ” ဟု ဆင်ဟွာသို့ စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးများအဖြစ် နိုင်ငံခြားသား ကျွမ်းကျင်သူများအား ခန့်ထားရန်အတွက် ပုံစံ(၁၂) ဖြင့် တင်ပြလာပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၅၁ ပုဒ်မခွဲ (က) နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၂၀၁၇ တို့အရ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၂၀၁၇ တွင် နိုင်ငံခြားသား ကျွမ်းကျင်သူခန့်ထားရာ၌ ရင်းနှီးမြှုပ်နှံသူသည် ကျွမ်းကျင်မှု အထောက်အထား သို့မဟုတ် ဘွဲ့လက်မှတ်အထောက်အထားကို ပူးတွဲတင်ပြရန် ပြဋ္ဌာန်းထားသော်လည်း အချို့ကုမ္ပဏီများသည် ကျွမ်းကျင်မှုအထောက်အထား သို့မဟုတ် ဘွဲ့လက်မှတ်အထောက်အထားအစား ကုမ္ပဏီ ဒါရိုက်တာ သို့မဟုတ် မိခင်ကုမ္ပဏီ၏ လုပ်ငန်းကျွမ်းကျင်ကြောင်း ထောက်ခံချက်တို့အားပူးတွဲ၍ တင်ပြလျှောက်ထားလျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၁ ပုဒ်မခွဲ (က) နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်း ဥပဒေ ၂၀၁၇ တို့နှင့် အညီ အလုပ်လုပ်ကိုင်မည့် နိုင်ငံခြားသား၏ ဘွဲ့လက်မှတ်မိတ္တူ (ဘာသာပြန်ရန် လိုအပ်ပါက နိုတ္တီမူရင်း) သို့မဟုတ် ကျွမ်းကျင်မှု အထောက်အထား သို့မဟုတ် ဆောင်ရွက်မည့်လုပ်ငန်းနှင့်ကိုက်ညီသည့် သင်တန်းဆင်းလက်မှတ်တို့ကို ပူးတွဲတင်ပြလာသည့် လျှောက်လွှာများကိုသာစိစစ်၍ စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးများဖြစ် ခန့်ထားခွင့် ၆ လ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသည့် နိုင်ငံခြားသားများအား ခန့်ထားခွင့်ပြုမည် မဟုတ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကဆိုသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## နည်းစနစ်ကျသော လယ်ယာလုပ်ငန်းခွင်သုံး ခေတ်မီနည်းပညာအသုံးပြု၍ စိုက်ပျိုးရေးသုတေသနများဆောင်ရွက်



စိုက်ပျိုးရေးသုတေသနပညာရှင်များက သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ခေတ်မီစိုက်ပျိုး နည်းပညာများကို တောင်သူများ လက်ခံကျင့်သုံးနိုင်ရေးအတွက် ရှေ့ပြေးသုတေသနများ ဆောင်ရွက်လျက်ရှိကြောင်း ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှသိရသည်။ ထိုသို့ ခေတ်မီနည်းပညာသုတေသနများ ဆောင်ရွက်ရာတွင် လိုက်ပါဆောင်ရွက်မည့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု ရည်ရွယ်ချက်အမျိုးမျိုးနှင့် လိုက်လျောညီထွေမှုရှိရန်အတွက် နည်းပညာအနိမ့် (Low–Tech)၊ အလယ်အလတ်နည်းပညာ (Medium–Tech) နှင့် အဆင့်မြင့်နည်းပညာ (Hi–Tech) များ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ သုတေသနလုပ်ငန်းများအနေဖြင့် နည်းပညာအနိမ့်နှင့် အလယ်အလတ်နည်းပညာများအသုံးပြု၍ အမိုးအကာအောက်တွင် ဟင်းသီးဟင်းရွက်သီးနှံများ တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သုတေသနဆောင်ရွက်ထားရှိခြင်း၊ အဆင့်မြင့်နည်းပညာအသုံးပြု၍ ရာသီဥတုနှင့်လိုက်လျောညီထွေရှိသည့်

သီးနှံမျိုးများမွေးမြူရွေးချယ်ခြင်း သုတေသနလုပ်ငန်းများကို Controlled Green House အတွင်း ပဲမျိုးစုံသီးနှံသုတေသနများ ဆောင်ရွက်ထားရှိခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကပြောသည်။

နည်းပညာအနိမ့် သုတေသနတွင် အပူချိန် ထိန်းညှိနိုင်ခြင်းနှင့် ရေပေးစနစ်ထိန်းချုပ်နိုင်ခြင်းအစရှိသော နည်းပညာများဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပြီး အလယ်အလတ်နည်းပညာ သုတေသနတွင် အပူချိန်နှင့်ရေပေးစနစ်များထိန်းညှိပေးခြင်းများအပါအဝင် လေထုတ်စနစ်၊ အအေးပေးစနစ်များပါရှိသည်။ အဆင့်မြင့်နည်းပညာသုတေသန အသုံးပြု၍ ဆောက်လုပ်ထားသော Controlled Green House သုတေသနတွင် အပူချိန်၊ စိုထိုင်းဆ၊ အလင်း ရောင်၊ နေ့၊ ညထိန်းချုပ်မှု၊ နေ့စဉ်သော်လည်းကောင်း၊ လအလိုက် သော်လည်းကောင်း ထိန်းချုပ်မှုများ ဆောင်ရွက်နိုင်သည့် ပရိုဂရမ်နှင့်ဂရပ်ဖစ်များထားရှိကာ ဇဟိုထိန်းချုပ်မှုစနစ်များ ပါရှိသည် ဖြစ်ရာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းပညာသုတေသနများ ဆောင်ရွက် ရန် အကူအညီရယူလိုပါက စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

Source: https://www.facebook.com/MYANMAALINNNEWS/

## အိန္ဒိယနိုင်ငံ၌ ပြည်ပကုမ္ပဏီများ၏ မိုဘိုင်းဖုန်း ထုတ်လုပ်တင်ပို့မှု တိုးမြှင့်မည်

အိန္ဒိယနိုင်ငံ အီလက်ထရွန်းနစ်နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ၁၄.၂၀၂၀ နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည့် အီလက်ထရွန်းနစ်ပစ္စည်းများ အကြီးစားအဆင့် ထုတ်လုပ်မှုမြှင့်တင်ရေးဆိုင်ရာ ချိတ်ဆက် အားပေးမှု (Production Linked Incentive – PLI) အစီအစဉ်အရ လုပ်ငန်းအဆိုပြုလွှာများ တင်သွင်းခဲ့ရာတွင် ပြည်ပ ကုမ္ပဏီများအား ၅ နှစ် တာကာလအတွင်း မိုဘိုင်းဖုန်းနှင့် အီလက်ထရွန်းနစ်ပစ္စည်းများ တန်ဖိုးဒေါ်လာ ၁၀၀ ဘီလီယံ အထိ ထုတ်လုပ်ခွင့်ပြုရန် အစိုးရ၏လုပ်ငန်းစိစစ်ခွင့်ပြုရေးကော်မတီက အတည်ပြုခဲ့ကြောင်း သိရှိရသည်။

PLI အစီအစဉ်သည် ၂၀၁၉ ခုနှစ်တွင် ချမှတ်ခဲ့သော အမျိုးသားအဆင့် အီလက်ထရွန်းနစ်ဆိုင်ရာမူဝါဒကို အကောင် အထည်ဖော်ရာ၌ ပြည်တွင်းလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုမြှင့်တင်ရန်နှင့်တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်း၊ တံဆိပ်ရိုက်နှိပ်ခြင်းနှင့် ထုပ်ပိုးခြင်း (Assembly, Testing, Marking and Packaging (ATMP) units) တို့အပါအဝင် သီးခြားအီလက်ထရွန်းနစ် အစိတ် အပိုင်းများနှင့် မိုဘိုင်းဖုန်းများ ထုတ်လုပ်မှု လုပ်ငန်းနယ်ပယ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ပိုမိုဖိတ်ခေါ်နိုင်ရန် ရည်ရွယ်လျက် အစပြုဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ၎င်းအစီအစဉ်တွင် ၂၀၁၉-၂၀ ခုနှစ်အား အခြေခံနှစ်အဖြစ်သတ်မှတ်ပြီး နှစ်အလိုက်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုပမာဏ မြင့် တင်မှုအပေါ် မူတည်၍ ၄% မှ ၆% အထိ နှစ်စဉ် တန်ဖိုးထပ်ဆောင်းတိုးမြှင့် ထုတ်လုပ်ရောင်းချ ခြင်းကို ၅ နှစ်ကာလအထိ ခွင့်ပြုခြင်းဖြစ်ပါသည်။

နိုင်ငံအတွင်း၌ လုပ်ငန်းမှတ်ပုံတင်ထားရှိပြီး အခြေခံနှစ်တွင် ကမ္ဘာ့တစ်ဝန်း၌ လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုပမာဏ ရူပီးငွေ ၁၀၀ ဘီလီယံနှင့်အထက်ရှိသော ကုမ္ပဏီများအား ၁ လုံးလျှင် အမှာစာတန်ဖိုး ရူပီး ၁၅၀၀၀ (ဒေါ်လာ ၂၀၀ ခန့်) အထက်ရှိသော မိုဘိုင်းဖုန်းများ ထုတ်လုပ်မှုအပိုင်းတွင်လည်းကောင်း၊ လုပ်ငန်းလည်ပတ်မှု ရူပီးငွေ သန်း ၁၀၀၀ နှင့်အထက် ရှိသော ကုမ္ပဏီများအား ပြည်တွင်းလုပ်ငန်းရှင်များ၏ မိုဘိုင်းဖုန်းထုတ်လုပ်မှုအပိုင်း၌ လည်းကောင်း၊ လုပ်ငန်းလည်ပတ်မှု ရူပီးငွေ သန်း ၅၀၀ အထက်ရှိသည့် ကုမ္ပဏီများအတွက် သီးခြားအီလက် ထရွန်းနစ်အစိတ်အပိုင်းများ ထုတ်လုပ်မှု၌ လည်းကောင်း ဇူလိုင်လ ၃၁ ရက်နေ့အထိ အချိန် ၄ လအတွင်း လုပ်ငန်းအဆိုပြုလွှာတင်သွင်းရန် အိန္ဒိယသတင်း အချက်အလက်နည်းပညာဝန်ကြီးဌာနက ၎င်း၏အမိန့်စာတွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံရှိ Economic Times သတင်းဌာနက အစိုးရဌာနဆိုင်ရာ အဆင့်မြင့်အရာရှိ အချို့၏ပြောဆိုမှုအား ကိုးကား ဖော်ပြရာတွင် PLI အစီအစဉ်၌ပါဝင်လုပ်ကိုင်ရန် ပြည်တွင်းပြည်ပ ကုမ္ပဏီပေါင်း ၂၂ ခုက အဆိုပြုလွှာများ တင်သွင်းခဲ့ကြကြောင်း၊ အစိုးရ၏မူဝါဒရေးရာကောင်စီ၊ စက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်တွင်းကုန်သွယ်မှု ဦးစီးဌာန၊ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားသည့် လုပ်ငန်းစိစစ် ခွင့်ပြုရေးကော်မတီက မိုဘိုင်းဖုန်းထုတ်လုပ်မည့် ပြည်ပကုမ္ပဏီ ၅ ခု၊ ပြည်တွင်းကုမ္ပဏီ ၇ ခုနှင့် အီလက်ထရွန်းနစ် အစိတ်အပိုင်းများထုတ်လုပ်မည့် ပြည်တွင်း လုပ်ငန်း ၆ ခုတို့၏ လျှောက်လွှာများကို အတည်ပြုခဲ့ကြောင်း၊ အစိုးရဝန်ကြီးအဖွဲ့က ထပ်ဆင့် အတည်ပြုပြီးပါက Apple ကုမ္ပဏီသို့ မိုဘိုင်းဖုန်းပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ပေးသွင်းလျက်ရှိသည့်

ပြည်ပကုမ္ပဏီ ၄ ခုနှင့် Samsung ကုမ္ပဏီတို့သည် ၅ နှစ် ကာလအတွင်း မိုဘိုင်းဖုန်းများအား တန်ဖိုးအားဖြင့် ရူပီးငွေ ၇.၃ ထရီလီယံ (ဒေါ်လာ ၁၀၀ ဘီလီယံခန့်) အထိ ထုတ်လုပ်တင်ပို့ခွင့်ရရှိမည်ဖြစ်ကြောင်း၊ Apple ကုမ္ပဏီနှင့် ကန်ထရိုက်ချုပ်ဆိုထားသည့် ကုမ္ပဏီများဖြစ်သည့် Foxconn နှင့် Wistron တို့သည် အစိုးရက PLI အစီအစဉ်အား ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ဧပြီလကတည်းကပင် အိန္ဒိယနိုင်ငံ၌ iPhone 11 နှင့် iPhone SE လက်ကိုင်ဖုန်းများထုတ်လုပ်မှုကို စတင်လုပ်ကိုင်ခဲ့ကြကြောင်း၊ Apple ကုမ္ပဏီသို့ မိုဘိုင်းဖုန်းပစ္စည်း ထုတ်လုပ်ပေးသွင်းသည့် ဒုတိယအကြီးဆုံး ကုမ္ပဏီဖြစ်သော Pegatron သည် ဥတ္တာပရာဒေ့ရှ်၊ အန္တရာပရာဒေ့ရှ်၊ တမီနာဒူးနှင့် ကာနာတကာ ပြည်နယ်တို့တွင် စက်ရုံများတည်ထောင်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံ၌ တပ်ဆင်ထုတ်လုပ်သည့် မိုဘိုင်းဖုန်းများအား ဒေါ်လာ ၂.၅ ဘီလီယံ တန်ဖိုးအထိ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသော Samsung ကုမ္ပဏီသည်လည်း လာမည့် ၅ နှစ်တာ ကာလအတွင်း ဒေါ်လာ ၅၀ ဘီလီယံ တန်ဖိုးအထိ တိုးမြှင့် ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ၎င်းပမာဏအနက် ၈၀% ခန့်သည် ၁ လုံး လျှင် အမှာစာတန်ဖိုး ဒေါ်လာ ၂၀၀ အထက်ရှိသော လက်ကိုင်ဖုန်းများ ထုတ်လုပ်ရန်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် Samsung ကုမ္ပဏီ၏ အိန္ဒိယပြည်တွင်းမှ ထုတ်လုပ်တင်ပို့သည့် မိုဘိုင်းဖုန်းများ၏ ၉၇% သည် ဒေါ်လာ ၂၀၀ အောက် ကုန်ပစ္စည်းများဖြစ်ပြီး နောက်ပိုင်းကာလများ၌ လျော့ချသွားဖွယ်ရှိကြောင်း၊ သို့ဖြစ်ရာ ပြည်တွင်းရှိ ဒေသခံကုမ္ပဏီများသည် ရူပီးငွေ ၁၅၀၀၀ အောက်တန်ဖိုးရှိသော မိုဘိုင်းဖုန်းများထုတ်လုပ်မှု နယ်ပယ်သို့ ပိုမိုဝင်ရောက်နိုင်ပြီး ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု ပိုမိုရရှိလာမည်ဖြစ် ကြောင်း သိရှိရပါသည်။

အိန္ဒိယအား ကမ္ဘာလုံးဆိုင်ရာ အီလက်ထရွန်းနစ် ဒီဇိုင်းစနစ်နှင့်ကုန်ထုတ်လုပ်မှုဗဟိုဌာန ဖြစ်လာစေရန် မျှော်မှန်းချက်ထားရှိရာတွင် အိန္ဒိယအစိုးရ၏ Production Linked Incentive – PLI အစီအစဉ်သည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးတင်းမာမှုဖြစ်ပေါ်နေသည့် တရုတ်နိုင်ငံရှိ ၎င်းတို့၏လုပ်ငန်းများအား အခြားဒေသများသို့ ပြောင်းရွှေ့ရန် စဉ်းစားလျက်ရှိသော ကုမ္ပဏီများနှင့် ဗီယက်နမ်နိုင်ငံကဲ့သို့ လုပ်ငန်းယှဉ်ပြိုင်ဖက်နိုင်ငံများရှိ ကုန်ထုတ်လုပ်ငန်းများအား အိန္ဒိယသို့ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံလာစေရန် ဆွဲဆောင်လုပ်ကိုင်မှုတစ်ရပ်အဖြစ် လေ့လာတွေ့ရှိရပါသည်။

ource: 1. Govt panel clears $100-billion mobile export proposals from global manufacturers, 7 Sept 2020, Economic Times

2. Production Linked Incentive Scheme (PLI) for Large Scale Electronics Manufacturing, Notification dated 1st April 2020 of Ministry of Electronics and Information Technology of India

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလတွင် မဟာဗျူဟာမြောက် စီးပွားရေး အမှီအခိုကင်းမှုကို အီးယူ ရည်ရွယ်ချက်ထားရှိ

ဆေးဝါးများနှင့် အခြားစက်ပစ္စည်းအစိတ်အပိုင်းများကဲ့သို့သော ထုတ်ကုန်များ ထုတ်လုပ်မှု တွင် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများအပေါ် မှီခိုရနေရခြင်းကြောင့် ဥရောပသမဂ္ဂ၏ စီးပွားရေးကို ပိုမိုအမှီအခိုကင်းသည့်ပုံစံအဖြစ် ပြန်လည်တည်ဆောက်သွားလိုကြောင်း ဥရောပကောင်စီဥက္ကဋ္ဌ Charles Michel က ဘရပ်ဆဲလ်စီးပွားရေးဖိုရမ်တွင် ပြောကြားခဲ့ပြီး၊ မရှိမဖြစ်အရေးပါသော ထုတ်ကုန်များတွင် အီးယူ၏ မဟာဗျူဟာမြောက်အမှီအခိုကင်းမှုရရှိရေးသည် ရာစုနှစ်အတွက် အီးယူ၏ စီမံချက်များပင်ဖြစ်သည်ဟု ၎င်းကပြောကြားခဲ့ကြောင်း သိရသည်။

အီးယူ၏ စက်မှုလုပ်ငန်းမဟာဗျူဟာသည် အမှီအခိုကင်းလွတ်မှု ပိုမိုရရှိရေးကို အားပေးသွားမည်ဖြစ်ပြီး၊ နိုင်ငံသားများ၏ သဘာဝပြောင်းလဲမှုအတွက် လိုအပ်သောအရင်းအမြစ်များအားလုံးကို ရရှိနိုင်မှုသေချာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မရှိမဖြစ် အရေးကြီးသော ထုတ်ကုန်ပစ္စည်းများနှင့် ဆေးဝါးများကို အမှီအခိုကင်းစွာ ထုတ်လုပ်နိုင်ရေးလည်းပါဝင်ကြောင်း ၎င်းကဆိုသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆေးဝါးများနှင့် မော်တော်ကားထုတ်လုပ်မှုလုပ်ငန်းများတွင် အသုံးပြုသော ကုန်ကြမ်းများ၏ (၈၀) ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ပေးနေသည့် တရုတ်နိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းအများအပြားကို ပြီးခဲ့သည့် ဖေဖော်ဝါရီ

လက ပိတ်သိမ်းထားရပြီးနောက် ဥရောပစီးပွားရေး၏ ထုတ်လုပ်မှုကွင်းဆက်နှင့်ပတ်သက်၍ အီးယူနိုင်ငံများက စိုးရိမ်ပူပန်မှုရှိခဲ့ကြကြောင်းသိရသည်။ ဥရောပ၏စီးပွားရေး မဟာဗျူဟာမြောက်စွာဖြင့် အမှီအခိုကင်းရေးမှာ မိမိတို့၏ ဘုံအကျိုးစီးပွားများအားလုံးအတွက် ရာစုနှစ်ဘုံစီမံကိန်းအသစ်တစ်ရပ်ဖြစ်ပြီး၊ ယင်းသည် မိမိတို့၏ နောင်မျိုးဆက်များအတွက် နံပါတ်တစ်ရည်မှန်းချက်လည်းဖြစ်သည်ဟု Charles Michel က ပြောကြားခဲ့ကြောင်းသိရသည်။

Source: ရိုက်တာ

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## လက်ရှိ ဂျပန်နိုင်ငံ၏ စီးပွားရေး ယေဘုယျအခြေအနေ

ကိုရိုနာကပ်ရောဂါပြန့်ပွားနေသည့် အခြေအနေကြောင့် နိုင်ငံ၏ လူမှုစီးပွားရေးအပိုင်း ထိခိုက်မှုများ ရှိနေဆဲဖြစ်သော်လည်း ယခင်လများ၏အခြေအနေထက် ပိုမိုတိုးတက်လာခဲ့ကြောင်း တွေ့ရပါသည်။ ပုဂ္ဂလိကစားသုံးမှုများသည် မြင့်တက်လာပြီး စီးပွားရေးလုပ်ငန်းပိုင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်မှု ဆက်လက်အားလျော့နေဆဲဖြစ်ကြောင်း တွေ့ရပါသည်။ ပို့ကုန် ကဏ္ဍနှင့် အချို့သောကုန်ထုတ်လုပ်မှုကဏ္ဍအပိုင်းတွင် ပြန်လည်မြင့်တက်လာခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းမှ အမြတ်ငွေရရှိမှုသည် ကိုရိုနာကပ်ရောဂါ ဂယက်ကြောင့် သိသိသာသာဆက်လက်ကျဆင်းနေဆဲဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်အပေါ် အကဲဖြတ်မှုမှာ တိုးတက်လာကြောင်းတွေ့ရပါသည်။ ထို့အပြင် ပြည်တွင်းအလုပ်အကိုင် အခြေအနေများမှာ ဆက်လက်ကျဆင်းနေဆဲဖြစ်ပြီး စားသုံးကုန်ဈေးနှုန်းများမှာလည်း ရပ်တန့်နေဆဲဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကာလတိုသုံးသပ်ချက်အနေဖြင့် ဂျပန်နိုင်ငံ၏စီးပွားရေးသည် အစိုးရ၏ ပြည်တွင်းကိုရိုနာကပ်ရောဂါ ပြန့်ပွားမှုတားဆီးရေးထိန်းချုပ်ဆောင်ရွက်မှုများ၊ စီးပွားရေး ပြန်လည်အားကောင်းလာစေရေး မူဝါဒချမှတ်ကာ ပံ့ပိုးဆောင်ရွက်မှုများနှင့် ဘဏ္ဍာရေးပိုင်း ဖြေလျော့မှုများ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံ၏စီးပွားရေး အနည်းငယ်ပြန်လည်ဦးမော့လာပြီး ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်မှုအပိုင်းလည်း ပြန်လည်တိုးတက်လာခဲ့ပါသည်။ သို့သော်လည်း ပြည်တွင်း/ပြည်ပမှ ကပ်ရောဂါကူးစက်မှုသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအပေါ် သက်ရောက်နိုင်သည့်အချက်နှင့် ဒေသတွင်းနိုင်ငံများ၏ ဘဏ္ဍာရေးနှင့် အရင်းအနှီးဈေးကွက်အခြေအနေများအပေါ် ဆက်လက်စောင့်ကြည့်အကဲဖြတ်ရန်လိုအပ်ပါသည်။

Source: **စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## STOCK EXCHANGE (10.9.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 10th Sep. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil M |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,900 | 3,174 | 31,422,600 | 27,112,747 | 268,4 |
| MTSH | 00002 | 3,750 | +50 | +1.35% | 3,700 | 3,750 | 3,700 | 231 | 861,200 | 38,929,150 | 145,9 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,1 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 0 | 0 | 2,472,053 | 53,1 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 501 | 1,352,700 | 12,823,224 | 34,6 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,000 | 3,100 | 3,000 | 557 | 1,672,500 | 19,977,223 | 61,9 |

Home > Market Data > Market summary

## Market summary

As of 10th Sep. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 434.33 | +0.87 | +0.20% | 432.11 | 434.33 | 432.11 | 4,463 | 35,309,000 | 6 | 646,269 |

### Index chart




# Market Overview

As of 1:00 pm, 10th Sep. 2020

| MYANPIX | 434.33 ▲ 0.87 |
|---|---|
| Total Volume (shares) | 4,463 |
| Total Value (MMK) | 35 mil |
| Listed Company | 6 |
| Market Cap. (MMK) | 646,269 mil |

| Name | Code | Price | Ch |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ |
| MTSH | 00002 | 3,750 | ▲ |
| MCB | 00003 | 7,900 | ▲ |
| FPB | 00004 | 21,500 | ▲ |
| TMH | 00005 | 2,700 | ▼ |
| EFR | 00006 | 3,100 | ▲ |